ဝန်ဂင်း
Read on the move

# လရောင်တျူးရငွ်

## နေခြည်နမ်းတဲ့ လ



## အခန်း(၁)

လမ်းမှာ ကားကထိုးရပ်သွားသည် ။

နှာစေးခေါင်းကိုက်လောက်တော့ ကြည့်တတ်တာမို့ သသစက်ဖုံးကို ဖွင့်ကြည့်သည် ။

သူမ သိသလောက် ဘယ်မှာ မှ အပြစ်ရှာလို့ မတွေ့…၊

နောက်ထပ်စစ်ခါ စက်နှိုးကြည့်သေးသည် …မရ၊

လွယ်အိတ်ကို စလွယ်သိုင်းကောက်ချိတ်လိုက်ကာ ကားပေါ်ကဆင်းလိုက်သည် ။

ကားပျက်သဖြင့် စိတ်ညစ်ရှုပ်ထွေးသည့် မျက်နှာမျိုးနှင့် မဟုတ်ဘဲ ဝမ်းသာရွှင်မြူးစွာ ဆင်းလိုက်တာ ဖြစ်၏။

ကားတံခါးတွေကို သေချာပိတ်ပစ်လိုက်ပြီးမှ ကျေးဇူးတင်စွာအလေးပြုလိုက်သေးသည် ။

ကျောင်းသွားရင် ဒီလိုကားပျက်သွားသည့် အဖြစ်မျိုးနှင့် တိုးဖို့ ဆိုတာ လွယ်တာမဟုတ်…။

လွယ်အိတ်ထဲမှာ ဟန်းဖုန်းပါသည် …

ဝပ်ရှော့ကို လှမ်းဆက်လိုက်ရင် ခြေထောက်တို့ က ပလက်ဖောင်းအတိုင်း အလှမ်းကျဲစွာလျှောက်နေ ခဲ့၏။

လွယ်အိတ်ထဲမှာ ပိုက်ဆံတွေလည်း ပါသည် ။

ကားနှင့် သွားဖို့ စိတ်ကူးမရှိ ....

သသ တို့ လိုင်းကားတိုးစီးသည် ရုပ်ရှင်သွားကြည့်သည် လို့ များ သတင်းကြားသွားလျှင် မေလေးတို့ ရင်ဘတ် ထုမျက်လုံးပြူးပါလိမ့်မည် ... ပြောဆိုမရတိုင်း “ညည်း ဘဘ သိရင်သတ်လိမ့်မယ် ” ဟု ခြောက်လှန့်ပြောတတ်မြဲ ဖြစ်သော မေလေးမဟာ တော်ရုံဆို တိုင်ပြောဆုံးမခိုင်းရက်တာလည်း မဟုတ်ပါ..။

ဘဘက မေလေးလို သသ ကို အလိုမလိုက်တတ်။ ဆူပြီဆိုကြောက်လန့်ငြိမ်သက်သွားအောင် ဆူသည် ။

လိုအပ်လျှင် တစ်သက်စာမှတ်လောက်အောင် ရိုက်ပစ်တတ်သည် ။ ဒဏ်ပေးတတ်သည် ။

ထို့ကြောင့် “သမီး ဘဘ သိသွားရင် မလွယ်ဘူး” “ညည်းဘဘဆူလိမ့်မယ်” ဆိုတာ မေလေးတို့ လက်သုံး စကားလိုဖြစ်နေပေမယ့်...အခါတိုင်းတော့ မေလေး မတိုင်ရက်ရှာပါ ...ကျောင်းသွားကျောင်းပြန် ဒရိုင်ဘာနှင့် ပို့တာ ကြိုတာ ထောင့်စေ့လွန်းလို့ စိတ်ကျဉ်းကျပ်လိုက်ရတာနေ့တိုင်း ...

အချိန်တိကျလွန်းသည့် ဒရိုင်ဘာကလည်း ကျောင်းချိန်ကို အပိုအလို မရှိပို့ကြိုနေသဖြင့် ပိုညစ်မိသည် ။

ဒီနေ့တော့ ဒရိုင်ဘာခွင့်ယူထားသဖြင့် ဘဘလည်း ခရီးထွက်နေသည် နှင့် တိုးကာ သသ ကိုယ့်ကားကိုယ် မောင်းခဲ့သည် ။

“သသလေးနော် ခါတိုင်းလို အတိအကျပြန်လာခဲ့”

“ကားကို သတိထားမောင်း”

မေလေးက ကားထွက်တဲ့ အထိ ဒါတွေပဲ ခေါက်တုံ့ခေါက်ပြန်မှာ နေတာ ခွေရစ်နေသည့် အတိုင်းပါပဲ ...

မှတ်ထား ...အလွန်ဖြစ်ခဲ့သည့် ကားပျက်ခြင်းအဖြစ်က သသကိုမျက်နှာလိုက်ပေးခဲ့သည် ။

အရမ်းအလိုလိုက်ထားပေမယ့် သသ တကယ်ပဲဆိုးသော်လည်း မဟုတ်ကဟုတ်ကလိမ်ညာဆိုးတဲ့ အထိတော့ မဆိုးခဲ့ဘူးပါ။

ဒါကြောင့် ကားတကယ်ပျက်သွားသည့် အဖြစ်ကိုဝမ်းသာကြည်နူးစွာ ခုန်ပေါက်ထွက်လာခဲ့ခြင်းဖြစ်သည် ။

ကားမှတ်တိုင်ရောက်တော့ များ ပြားလှသည့် လူတွေထဲ ဝင်ရပ်ကာ ပျော်လိုက်သည့် ဖြစ်ခြင်း...

လူတွေကို လှည့်ပတ်ကြည့်လိုက်တော့ လူကြီးလူငယ် မိန်းမလှလေးတွေများ သောအားဖြင့် ထမင်းချိုင့်လေး တွေကိုင်ထားကြကာ ကျောင်းဆရာမတွေလည်း ပါသည် ။

ထိုအခါ "မိန်းကလေးဖြစ်ပြီး ဒီလောက်တောင် လိုင်းကားစီးချင်နေရသလား"ဟု ပြုံးပြုံးပျာပျာ မေးခဲ့သည့် မေလေးကိုသတိရမိသည် ။

ဒီမှာ မိန်းကလေးတွေမှ အများကြီးမေလေးရေလို့ ခေါ်ပြလိုက်ချင်သည် ။ ဆရာမတွေတောင် ပါနေသေး သည် ပဲ...

လူတွေမှ အများကြီး...

မနက်ပိုင်း ရုံးသွားကျောင်းသွားကြသည့် အချိန် ...

ဒီလိုပဲ သွားလာနေကြတာ မေလေးမတွေ့ဘူးလားဟု လည်း မေးချင်ပြီး စီးချင်လိုက်ရတဲ့ လိုင်းကား ...

ကားပေါ်ကနေ ကျပ်ကျပ်ညပ်ညပ်စီးနင်းလိုက်ပါသွားကြသည့် အဲ ကွန်းဘတ်စ်ကားကြီးတွေမြင်တိုင်း သသ ပြူးပြဲလိုက်ကြည့်တာတွေ့တိုင်း

"မြင်လား ဒုက္ခရောက်လိုက်ကြတာ ဟိုမှာ ကျပ်ညပ်ပြီး ငါးပိသိပ်ငါးချဉ်သိပ် စီးကြရတာ ..."

ဟု မေလေး က လက်တွေ့ကျကျပိုင်ပိုင်ကြီးပြောပြီး ...

"ကားပေါ် မှာ ယောကျ်ားတွေရော မိန်းမတွေရောပွတ်သိပ်ကျပ်ညပ်ပြီးဖြစ်သလိုစီးရတာ ယုတ်မာတဲ့ ယောကျ်ားတွေအနားမှာ ကိုယ်ညပ်နေရင်ဘယ်လိုရှောင်မလဲ မိန်းမငယ်လေးတွေကျတော့ရှက်ကြောက်ပြီး တို့လို့ ဆိတ်လို့ မှ မပြောရဲ မအော်ရဲခါးပိုက်နှိုက်ခံရလို့ ခံရ ပြင်ဆင်ထားသမျှ ချွေးတွေထွက် ဆံပင်တွေပွသူ့ခြေထောက် နင်း ကိုယ့်ခြေထောက်နင်း ကားပေါ်ကလည်း ဆင်းရောကျော့ကျော့မော့မော့လေးအိမ်က ပြင်ဆင်လာသမျှကုန်ပြီ ..."

မေလေးကလည်း 'လိုင်းကားတိုးစီးရတာ ပျော်ဖို့ ကောင်းမှာ ပဲလူတွေအများကြီးစုပြုံပြီး ..'ဟု သသပြောဖူး ကတည်းကလိုင်းကားတွေ မြင်တိုင်း ကြုံလာတိုင်း ပြောပြပါလိမ့်မည် နောက်ထပ်မကြံစည်ရဲအောင် ...သသ ရင်ထဲ မှာ ဒီလိုဘယ်ဟုတ်မလဲ ....

အဲဒီကားတွေမြင်တိုင်းစီးချင်နေတာ ကိုယ်စီးတဲ့ ကားကိုတောင်မကျေမနပ်ဖြစ်မိသေးသည် ။ ယောကျ်ားတွေ ဘာဖြစ်လဲ၊ ဒီလိုပဲသူများတွေစီးနေကြတာ ချွေးဒီးဒီးကျလည်း ဂရုစိုက်ဖို့ မလို သသတို့ က မိတ်ကပ်သနပ်ခါးနေ့စဉ် မပျက်မကွက်လိမ်းပြီးနေလောက်အောင်စိတ်ဝင်စားတာမဟုတ် အလှပျက်စရာဘာရှိလဲ ..

ချွေးထွက်တော့ တစ်ရှူးနဲ့ ပွတ်ပစ်လိုက်ပြီးပြီ ...။

ကိုယ့်ခြေထောက်ကိုမတော်တဆလာနင်းလည်း နင်းပါစေပေါ့ တမင်တကာလုပ်ကြည့်လေ ကိုယ့်ခြေထောက် မှာ ဒေါက်ချွန်ဖိနပ်က အမြဲရှိနေတာ ငြိမ်နေစရာလား ...

ပါးစပ်ထဲက ပီကေကို ဟိုဘက်ပို့လိုက် ဒီဘက်ပို့လိုက် ဝါးရင်းမေလေးနဲ့ လိုင်းကားစီးဖို့ ဆန့်ကျင်ဘက်အမြင်တွေကို ယှဉ်ကြည့်နေရင်း ...

သသခေါင်းလေး ဟိုဘက်ကြည့်လိုက် ဒီဘက်ကြည့်လိုက်ဖြစ်နေကာ ပခုံးထိ အမြဲတမ်း ပျံ့ဝဲကျနေတတ် သည့် ဆံပင်တွေလည်း ငြိမ်မနေရ ...

"ဟော ကား လာပြီ"

တက္ကသိုလ်ဝင်းရှေ့မှာ အမြဲတွေ့နေရသည့် ကားကိုတော့ သိနေသဖြင့် မြင်လိုက်တော့လူတတ်ကြီးလုပ်ပြီး သသ တစ်ယောက်တည်းထအော်မိ၏။

ဘေးလူတွေက ကားနှင့် သူမကိုလှည့်ကြည့်ကြသည် ။

ကားကျပ်ချိန်မို့ မှတ်တိုင်မှာ ရပ်လာသည့် ကားက ခြေနင်းခုံနေရာလေးမှ လွဲ၍ ခြေချစရာပင်မရှိ ...

အများ ထက်ဦးအောင် သသပြေးတက်သည် ။

စပယ်ယာ မှတ်တိုင်တွင် အော်၍ လူခေါ်ရင်း 'အထဲထိတိုးသွား တစောင်းလေးတိုးသွား' ဟု လည်း အပေါ် ကိုကြည့်၍ အော်နေသည် ။

သသ လူကြားထဲကို အတင်းတိုးဝင်ခဲ့၏။

"အ"

"အား သေပါပြီ .. ဖိနပ်ကြီးက"

"အယ် ... ဆောရီး ..ဆောရီးနော် အဲဒါ တမင်တကာ မဟုတ်ဘူး ... တကယ်မတော်တဆ"

"အောင်မလေး ဝင်ပါ ... သွားပါတော့"

သသ ချက်ချင်းအထဲရောက်သွားသည် ။

တစ်ယောက်က အနင်းခံလိုက်ရလို့ အော်သည် နှင့် ခြေထောက်တွေ ဟိုရွှေ့ဒီရွှေ့ ဖယ်ပေးကြတော့ သသ အတွင်းလမ်းရှင်းပြီးသားဖြစ်သွား၏။

တောင်းပန်မှ ပြောင်းဆန်ကုန်ကာ ဟိုကတံတောင်နဲ့ တွန်းလိုက် ဒီကဖင်နဲ့ တိုက်နှင့် အထဲသို့ ရှောရှောရှူရှူ ရောက်၏။ ဒါနဲ့ မပြီးသေး ...

"မှတ်တိုင်ပါတယ်" ဟု အော်လိုက်သည် နှင့် သသ မှန်းသိကာ အလိုက်တသိဖယ်ပေးလိုက်ကြတာအောက်သို့ လွယ်ကူချောမောစွာရောက်လေသည် ။

"ဟူး"

ချွေးတွေစိုနေသည့် နှုတ်ခမ်းဖျားလေးကို လက်ဖဝါးနဲ့ ပဲ ပွတ်ဆွဲပစ်လိုက်ကာ သသ ရယ်လိုက်မိ၏။

ပျော်လိုက်တာ ...

ဘာဖြစ်လဲ မေလေးပြောသလိုများ စိတ်ပျက်ဖွယ်ဘာမှ မရှိ ခြေလှမ်းတို့ က ကျောင်းဝင်းထဲသို့ တက်ကြွစွာ သယ်ဆောင်သွားကြသည် ။ ဒီလိုကားတိုးစီးဖူးတာ ဒါပါနဲ့ ဆို နှစ်ခါ ...

ဟိုတစ်ခါက သူငယ်ချင်း၏ အရေးတကြီးကိစ္စတစ်ခုကြောင့် ကျောင်းကနေ သသ အဖော်လိုက်သွား ခဲ့သည် ။

သူငယ်ချင်းက ဟိုနား ဒီနားပဲ ကားတိုးစီးရအောင်ဆိုတော့ ဝမ်းပန်းတသာ လက်ခံခဲ့သည် ။

အဲဒီကတည်းက ကိုယ်ပိုင်ကားနဲ့ လိုင်းကားဘယ်လိုကွာတယ်ဆိုတာကို ယှဉ်မိသွားတာဖြစ်သည် ။

ဘယ်သူကပြောလဲ စိတ်ပျက်စရာလို့ ...

သသ ကတော့ တစ်ခါစီးပြီးကတည်းက နောက်တစ်ခါထပ်စီးချင်နေခဲ့တာ ...

ခုလည်း ထပ်စီးချင်သေးသည် ။

ကျောင်းထဲရောက်တာနှင့် သူငယ်ချင်းတွေနဲ့ ရုပ်ရှင်ထွက်ကြည့်ဖို့ စည်းရုံးရန်ဆုံးဖြတ်လိုက်၏။

*

# အခန်း(၂)

"သသလေး"

"သသလေး လာမလုပ်နဲ့ အဲဒါကြီးလုံးဝမဝတ်ဘူး၊ အဲဒီလမ်း လုံးဝမသွားဘူး လုံးဝဆို လုံးဝနော်"

တစ်သက်လုံးက ပြောမရဆိုမရဖြစ်ခဲ့သည့် သသ၏ ခါးခါးသီးသီးပယ်ချမှုကို ဒေါ်ခင်ဆင့်က အပြုံး မပျက်ပေ။

လက်ထဲမှာ ကိုင်ထားသည့် ဝတ်စုံတစ်စုံနဲ့ ရတနာဘူးကို ခုတင်ခြေရင်းတွင် အသာချ၍ အိပ်ရာထဲမှာ ပက်လက်ရှိနေသော သသနားမှာ ထိုင်ပြီး သသကရေချိုးပြီး အင်္ကျီမလဲသေးဘဲ ညဝတ်အင်္ကျီရှည်ကြီးကို ဖြစ်သလို စွတ်ချပြီး ခါးမှာ ကြိုးချည်ထား၏။

ခေါင်းအုံးပေါ်မှာ သေချာမအုံးဘဲ အိပ်ရာထက်မှာ ကိုးရိုးကားရား လှဲနေရင်း နားကြပ်နှင့် ငြိမ့်နေသည် ။

"သမီးရယ် ဒီပွဲ သမီးမသွားလို့ ဘယ်သူသွားမှာ လဲ ဒါ သမီးဘဘရဲ့ အမိန့် တော်ကြာပြန်လာတဲ့ အထိ မဖြီးမလိမ်းရသေးလို့ ဆူဦးမယ်"

နားကြပ်တပ်ထားလည်း ဒေါ်ခင်ဆင့်ပါးစပ်လှုပ်နေတာကို မျက်လွှာပင့်ကြည့်နေရုံနှင့် ဘာပြောမှန်း သိနေ တယ်လေ ငယ်အကျင့်လိုဖြစ်နေပြီမို့ သသ ကမဲ့ရွဲ့ပြီး ငေါက်ခနဲထထိုင်၏။

နားကြပ်ကိုဖြုတ်၍ မွေ့ရာပေါ်မှာ ပဲ ဖင်ပေါက်လိုက်ကာ "ဒါပဲ ထစ်

ခနဲရှိဘဘဆူလိမ့်မယ်။ ဘဘ သိသွားမယ်နဲ့ ဒီဘဘကိုကြောက်နေရတဲ့ ဘဝက လွတ်ကိုမလွတ်နိုင်ဘူး”

“သမီးရယ်”

ဒေါ်ခင်ဆင့်က ပြုံး၍ သသ လက်ဖဝါးလေးကို လှမ်းဆုပ်သည်။

သသက ခပ်ကြမ်းကြမ်းပဲ ခါချပစ်၏။

“ဘဘကိုလည်း မုန်းတယ်၊ မေလေးကိုလည်း အခုမချစ်တော့ဘူး ကိုယ့်ဟာကိုယ်ဘာမှ လွတ်လွတ်လပ်လပ်နေရသွားရတာ မရှိဘူး၊ သိပ်ကို ချုပ်ချယ်ကြတာ”

“ဒီထက်ပဲ လွတ်လပ်ရဦးမလား သမီးရယ် သမီးလေးဂျစ်ကန်ကန်နိုင်တော့ ဘဘလွတ်တာနဲ့ မေလေးကိုဆိုးတာ ပြီးတော့ သူငယ်ချင်းတွေနဲ့ ဘယ်ဖြစ်ဖြစ်သွားဖို့ ရှိတိုင်း ပြန်လာမှ ပြောတယ် အဲဒါတွေကတော့ထည့်ပြောဦးမှ ပေါ့”

“ဒါက သသ ဗွတ်လုပ်နေတာကိုး၊ ပြီးတော့လည်း ဘဘရောက်လာတာနဲ့ အဲဒါတွေစုံပြုံပြီးမေလေးကတိုင် ဘဘက ဒဏ်တွေပေး ဒေါသထွက် သသမှာ ဘဘ ဒဏ်ပေးတိုင်း မာလီဖြစ်ရအိမ်ဖော်ဖြစ်ရ ...”

“ဘယ်ကလာ မာလီ အိမ်ဖော်ရမှာ လဲ၊ အဲဒါ သမီးကို ဒဏ်ပေးတာဆိုပေမယ့် ပန်းကလေးတွေကို ပြုစုပျိုးထောင်ရင်း စိတ်ထားလည်း ၊ နူးညံ့သိမ်မွေ့လာအောင် အိမ်မှုကိစ္စအဝတ်လျှော်၊ ကြမ်းတိုက်လုပ်ရင် စိတ်တည်ငြိမ်တယ်၊ မိန်းကလေးသဘာဝ အိမ်မှုကိစ္စမှာ ပျော်မွေ့တတ်လာတယ်”

“အဲဒါတွေ ဘာမှ မဖြစ်ဘူး”

ပြောပြီး သသက အိပ်ရာပေါ်ကဆင်းသည်။

ခြေရင်းမှာ အထပ်လိုက်ချထားသည့် ဝတ်စုံကို ငုံ့ကြည့်ပြီးမေးဆက်၍ မျက်စောင်းထိုးလိုက်သေးသည် ။

ပြီးမှ စာကြည့်စားပွဲမှာ ဆောင့်ခနဲသွားထိုင်၏။

"ဘဘ တစ်ယောက်ဟာ သသကိုမှ ဘာဖြစ်လို့ ဒီထက်နိုင်ချင်နေမှန်းမသိဘူး၊ အလုပ်တွေအရမ်းရှုပ်နေတာတောင် ဖုန်းနဲ့ ဆက်ပြီးအမိန့်ပေးနိုင်တယ်၊ ဒဏ်ပေးဖို့ ၊ ရိုတ်ဖို့ ဆို မရရအောင်ပြန်လာတယ်"

"ဟုတ်တယ် ခုလည်း မရရအောင်ပြန်လာတယ် ညည်းကိုအမိန့်ပေးစရာရှိနေလို့ "

"အယ်"

ဘဘအသံကြီးက မိုက်ခရိုဖုန်းမလိုဘဲ တစ်ခါတည်းလွှင့်ထွက်ပြီးသားဖြစ်သည့် အသံမျိုး ...

သသ မျက်လုံးလေးပြူးကာ နောက်ဘက်ကို ဆတ်ခနဲလှည့်ထိုင်လိုက်ပြီး အသက်ခုနှစ်ဆယ်နီးပါးရှိနေသည့် ဘဘ ဦးမြမော်ဟာ ခုချိန်ထိ ခါးမကိုင်း ခြေလှမ်းမနှေးဘဲ ချည်ချောပုဆိုးကွက်ကျဲနှင့် တိုက်ပုံဝတ်ကာ ဖျတ်လတ်သန်မာစွာသွားလာနိုင်နေဆဲ။

မျက်မှန်ထက်မှာ ဇရာ၏ အရေးအကြောင်းများ ရှိနေပေမယ့် တည်တင်းခန့်ညားနေဆဲ ..။

ဒါကြောင့် ကြောင်အိုတော့ ကြွက်မလေး ဆိုသည့် စကားက ဘဘနဲ့ သသ အတွက်မဟုတ်ဘဲ ဖြစ်နေခဲ့တာထင်သည် ။

ဘဘကို သသဟိုငယ်ငယ်တုန်းကလည်း ကြောက်ရသည် ။

ခုလည်း မလေးစားလို့ မရ။

လူကို ရိုတ်တာထက် အသံကြီးဟိန်းထွက်လာတာနဲ့ ပဲ သသဘာမှ ထပ်မပြောရဲတော့ပေ ...

တစ်ခါတလေ ခေါင်းငုံ့နှုတ်ခမ်းစူနေတာတောင် ‘မျက်နှာကိုမော့ထား’ ‘လူကြီး ဆုံးမနေတာကို ပြေပြေပြစ်ပြစ်နာခံစမ်း’ဆိုတာကရှိသေး သသအတင်းပြောနေတုန်း ချက်ချင်းကြီးကျောနောက်ရောက်သည့် ဘဘကို ပြုံးတော့မလို မဲ့တော့မလိုနှင့် ကြည့်ကာမမဲ့ရဲ မပြုံးရဲနဲ့ ပဲ လည်ပင်းကုတ်လိုက် ဆံပင်ဖွမိလိုက် ..

“ဟွန်း ...ဒီလောက် တင်းကျပ်ဆုံးမနေတာတောင် မျက်နှာရှေ့ကကွယ်တာနဲ့ ပြောချင်သလိုပြော နေချင်သလိုနေ ညည်းများ အကြောက်အလန့်ဘာရှိသလဲ ငယ်ငယ်တုန်းက ‘လူကိုကြောက်တာလား၊ တုတ်ကိုကြောက်တာလား’ မေးတိုင်း “တုတ်ကိုကြောက်တာ”လို့ ပြောခဲ့တာလေ ...”

သသ နားထိတောက်လျှောက်ကြီးဝင်လာရင်း စကားတွေပြောလာတော့ ဒေါ်ခင်ဆင့်က မျက်နှာငုံ့ချရင်း ပြုံးသည် ။

သသတို့ စူထွက်နေသည့် နှုတ်ခမ်းက ခေါင်းငုံ့ထားသည့် မျက်နှာရှေ့က ဆံပင်တွေအကွယ်မှာ ပဲ မြင်သာထင်သာအောင်စူထော်နေပါပြီ။

ဦးမြမော်က ရှေ့မှာ ရပ်၍ သသ ခေါင်းငုံ့လျက်တောင့်တောင့်ကြီး တမင်လုပ်ပြထားသည့် ပခုံးသားလေးတွေကို ငုံ့မိုးကြည့်ကာ ‘သိပ်ကိုခေါင်းမာတဲ့ မိန်းကလေး’ ဟု တွေးမိ၏။

‘တုတ်ကိုပဲကြောက်တာလား’ မေးပြီးနာအောင်ရိုတ်တတ်မှန်းသိ

သားနဲ့ မေးတိုင်း တမင်ကို ဒီအတိုင်းဖြေရဲခဲ့တာ’

ခြောက်တန်းကျောင်းသူလေးအရွယ်မှာ ကိုယ်ကိုအရှိုးတွေထပ်နေအောင်လည်း မရိုက်ရက်တော့သဖြင့် ဘောင်းဘီချွတ်ပစ်ပြီးလမ်းမမှာ ကြိုးတုပ်ချထားမယ်ပြောပြီး ..

တကယ်ဘောင်းဘီချွတ်တော့မှ “ဘဘကို ကြောက်တာပါ”ဟု မကျေမနပ်အာခေါင်ခြစ်ဖြေခဲ့တာကိုတော့ ထည့်မပြောဖြစ်တော့ပါ။

“ညည်းကို မိဆင့်ကောနိုင်နင်းလို့ လား အခုလည်း ထင်လို့ ပြန်လာတာထင်တဲ့ အတိုင်းပဲ ခိုင်းတာကိုမလုပ်ဘဲ ခံပြောခံဆိုနဲ့ ကက်ကက်ကို လန်ရော ..”

“ခံပြောတာမဟုတ်ပါဘူး ဘဘရဲ့ သသ အဲဒီအင်္ကျီအကျပ်ထဘီအကျပ်တွေမဝတ်တတ်လို့ ပါ ...”

သသ အသံလေးထွက်လာသည် ။

မျက်နှာမော့လာပေမယ့် ဦးမြမော်မျက်နှာဆီမရောက်ဘဲ ရှေ့ကိုသာကြည့်ပြောတာ ဖြစ်၏။

“မိန်းကလေးက မိန်းကလေးအဝတ်တွေ မဝတ်တတ်ဘူးဆိုတာရှိလား”

“သသ အမြဲတမ်းဘောင်းဘီရှည်နဲ့ ရှော့ပင်န်ပဲဝတ်ခဲ့တာ”

“အခုဝတ်လို့ မရတော့ဘူး ဒီညေ့ခံပွဲကစပြီး နောင်ကိုရုံဖန်ရုံခါဝတ်တာမျိုးပဲဖြစ်ရမယ်။ ဒီအတိုင်းနေလို့ မရဘူး ကြည့်လိုက်ရင် ရှော့ပင်န်တောင်မဝတ်ဘူး တစ်ခါတလေ ပေါင်တစ်ဝက်လောက်ပဲရှိတဲ့ ဘောင်းဘီတိုလေးနဲ့ ..”

“ကစားတုန်းပဲဝတ်တာပါ”

“ဟော့ ပါးစပ်ပိတ်ပြီး နားထောင်စမ်း ..”

“ဘဘက မှန်တာပြောပေ့ါ ...”

“ငါ .. တယ် ...”

ဦးမြမော်လက်ကြီးယမ်းတော့မှ သသမျက်နှာကို ပြန်ငုံ့သည် ။

ညင်ညင်သာသာ ရိုကျိုးဟန်နှင့် မဟုတ်ဘဲ ဆတ်ခနဲ ..ဒေါ်ခင်ဆင့် ပင့်သက်ရှိုက်လိုက်မိ၏။

“ဘောင်းဘီတိုလေးနဲ့ အိမ်ပေါ်ပြေးတက် လာပြီး ဗိုက်ဆာလို့ ဆိုပြီး မီးဖိုထဲပြေးဝင် ရေခဲသေတ္တာဖွင့် ရေဘူးကိုင်ပြီး မိဆင့်ဘာချက်လဲဟို ဟာဖွင့် ဒီအိုးကိုင်လိုက်ကြည့် ကြိုက်တာတွေ့တာနဲ့ ပါးစပ်ထဲကောက်ထည့် ရေသွားချိုးလို့ ပြောလည်း မချိုးဘူး ဘေစင်မှာ လက်ကို ဖြစ်သလို ပြေးဆေးပြီး” ထမင်းစားတဲ့ အဆင့်သာရောက်သွားတယ် ဘောင်းဘီတိုလဲဖြစ်သလား ...”

သသမလှုပ်ပါ ..

ဦးမြမော်ကမျက်မှောင်ကြီးကုတ်ကာ သသတစ်ခုခုပြန်ပြောလာမလားဆိုသည့် အတွေးနှင့် ခဏငြိမ်၍ စောင့်လိုက်သေးသည် ပြီးမှ ...

“အဲဒီဘောင်းဘီတိုနဲ့ ပဲ ညေ့ခန်းပြန်ပြေး လာပြီး ပန်းသီးကောက်ကိုင် စပျစ်သီးလာစားနဲ့ ညေ့သည့် စောင်သည် လည်း လာရော ညည်းတစ်ကိုယ်လုံးမှာ လည်ပင်းက ဟိုက်ဟိုက် ချိုင်းပြတ်တီရှပ်က ပခုံးချိတ်ရုံနဲ့ ပေါင်ကအဖွေးသား ဟွန်း ပြောဦးလေ ကစားတုန်းပဲဝတ်တာပါလို့ ..”

“ဒါပေမဲ့ အဲဒီလို နေ့တိုင်းဖြစ်လို့ လားဘဘရဲ့ ”

"ပြန်ပြော ပြန်ပြီလား"

"ဘာဘာပဲ ပြောဦးလေဆိုပြီးတော့ ..."

ကြောက်ကြောက်နဲ့ ပဲ သသ နည်းနည်းလေးတော့ အထွန့်တက်ပြီး

"မပြောနဲ့ ပါးစပ်ပိတ်ပြီးနားထောင် အခု ညည်းကျောင်းပြီးတော့မယ် ဒီထက်ပိုအားရင် ဒီထက်ပိုဆိုးဖို့ ပဲရှိတယ်။ ငါကလည်း အလုပ်တစ်ဖက်နဲ့ နေရာတကာ လိုက်မပြောနေနိုင်ဘူး ..."

"တော်သေးတာပေါ့" ဟု စိတ်ထဲကပြောမိတော့မတတ်၊ မျက်နှာလွှဲ၍ ပွစိပွစိ ပြောတတ်သောအကျင့်ပါနေသည့် မို့ နှုတ်ခမ်းလေးလှုပ်သွားတာကို အမှတ်တမဲ့ မမြင်အောင်ကွယ်လိုက်ဖို့ မေ့သွားလို့ ...

"ဘာပြောလိုက်တာလဲ"

ဦးမြမော် အသံကြီး ဟိန်းသွား၏။

"ဘာမှ မပြောပါဘူး"

ဟု ပြန်ဖြေရင်း လက်ဖဝါးနှစ်ဖက်ဆုပ်ထားလျက်မှ ကိုယ့်ပေါင်ကို လက်မအချွန်၍ ကြိတ်ထိုးလိုက်သေးသည် ။

ဒီကလေးမခက်ပါတယ်။

ဦးမြမော် မမြင်သလိုနေလိုက်ရရင်း ခပ်စောင်းစောင်းလှည့်ရပ်ကာ ...

"ညည်းကို ယောကျ်ားပေးစားဖို့ အမြန်ဆုံးစီစဉ်ရမယ်"

"ဟင် ... ဘာ .."

သသ ဘယ်လိုမှ မထင်ခဲ့ ..

မျက်နှာဆတ်ခနဲမော့လာကာ လက်ဖဝါးလေး နှစ်ဖက်လုံးနှင့် မျက်နှာပေါ်က ဆံပင်တွေကို ဘယ်ပြန်ညာပြန်ထိုးသိမ်းရှင်းပစ်၍

"ယောကျ်ားပေးစားမယ်"

"ဟုတ်တယ်"

သသ မေလေးကိုလှည့်လိုက်မိသည် ။

ဒါတွေ ဒီအစီအစဉ်တွေ ခုချက်ချင်းမဖြစ်နိုင် .. မေလေးသိနေရမည်။ သို့သော် သသကြည့်လိုက်မှ မေလေးက မျက်နှာလွှဲပစ်၏။

"အဲဒါတော့ ဘဘ မလုပ်နဲ့ နော် ယောကျ်ားပေးစားပစ်ရအောင် သသ ကရည်းစားတွေထား ရှုပ်ပွေပြီးနန့်နန့်တကျ်ရင်မအေးရအောင်ဖြစ်နေတဲ့ မိန်းကလေးမို့လို့ လား ..."

"အဲဒီလိုဖြစ်နေရင် နာမည်ပျက်တွေနဲ့ ဖြစ်ပြီးမှ သားရှင်တွေကဲ့ရဲ့ခံပြီးမျက်နှာပူစွာ မပေးစားတော့ဘူး၊ ခေါင်းတုံးတုံးပြီး သီလရှင်ပါဝတ်ပေးလိုက်မှာ ..."

"အဲဒါလည်းကောင်းတာပဲ သသ ယောကျ်ားမယူဘူး"

"ထပ်ပြောကြည့်စမ်း"

ဦးမြမော် အသံကြီးသုံးဆလောက်ပို၍ ဟိန်းထွက်သွား၏။

"ညည်းကို ဂရုမစိုက်လို့ ကြေညာပေးလိုက်တာ ယောကျ်ားယူရမယ်ဆိုလို့ ထွက်ပြေးရင် ခြေထောက်ရိုက်ချိုးမယ် လွတ်အောင်ပြေးရင် မသေမချင်းလိုက်သတ်မှာ မြမော်ဆိုတာ လက်ဖျစ်တီးလိုက်တာနဲ့ ဘာမဆိုအားလုံးဖြစ်တယ်"

သသ မခံစားစဖူး ရင်ထဲမှာ ပူလောင်ကြေကွဲသွား၏။

ဦးမြမော်ဆိုတာ နာမည်ကောလူကော တကယ်မော်နိုင်လို့ မြမော်လို့ နာမည်ကြီးခဲ့တာဖြစ်သည် ။

ခြံလုပ်ငန်းတွေ အကြီးအကျယ်လုပ်သည် ။

အဝေးပြေးကား အကြီးအသေး နယ်များကော မြို့မှာ ပါဘယ်ဝန်းကျင်ထဲမှာ ဖြစ်ဖြစ် ဦးမြမော် ပိုင်းတွေပဲများ ၏။

ထို့ပြင် ရာသီပေါ် ကောက်ပဲသီးနှံတွေလှောင်လိုက် .. ဈေးကွက်ကစားတာကိုစောင့်ပြီး လွှတ်လိုက် သိမ်းလိုက် ... ဘယ်လုပ်ငန်းပဲလုပ်လုပ် ဦးမြမော် မပိုင်မနိုင်စမ်းတဝါးဝါးဆိုတာဘာမှ မရှိပေ

အပေါင်းအသင်းဆံ့သည် ။ စေ့စပ်သည် တပည့်တပန်းတွေက စိတ်ချရ၏။

သူကိုယ်တိုင်လည်း ကျန်းမာရေးကို ဂရုစိုက်သည် ။

စီးပွားရေးကို ဘယ်ဘက်ကမှ အလွတ်ခံရတာမရှိ ...

ဒေါ်ခင်ဆင့်နဲ့ ဦးမြမော်ဟာ တကယ်တော့ သားမယားလည်း မဟုတ် သွေးသားတစ်စုံတစ်ရာ တော်စပ်ကြ ခြင်းလည်း မရှိ။

ဒါပေမဲ့ မောင်နှမသံယောဇဉ်လိုပဲခိုင်မြဲကြသည် ။

"သမီးရဲ့ ဘဘက ကလေးတို့ နဲ့ ဘာမှ မတော်စပ်ဘဲ ကယ်တင်စောင့်ရှောက်ခဲ့တာ နှစ်ယောက်အတူ ဒုက္ခ ရောက်ဖူးကြတယ်။ သမီးရဲ့ ဘဘက သူဌေးကြီးတစ်ယောက်ရဲ့ လူယုံဖြစ်သွားပြီးမမျှော်မှန်းနိုင်အောင် ကြီးပွား ချမ်းသာ သွားတာပဲ အဲဒီတော့ ဆင်းဆင်းရဲရဲအိမ်ချင်းကပ်လျက် နေခဲ့ဖူးတဲ့ မေလေးမှာ အစ်မကမွေးခဲ့တဲ့ တူမလေး တစ်ဖက်နဲ့ ဒုက္ခရောက်နေတော့ သူကကလေးကို အရင်မွေးစားတာ" တဲ့

"ဘဘက ဇနီးတွေ မိသားစုတွေ မရှိဘူးလား" လို့ မေးတော့ "မရှိဘူး အဖေကြီးက ငယ်ငယ်တည်းက မိဘမဲ့ ဆွေမျိုးတချို့ရှိပေတယ်။ သူ့ကို ဘယ်သူမှ တာဝန်မယူချင်ခဲ့လို့ ကျောင်းဆရာတစ်ယောက်အိမ်မှာ ကြီးပြင်းခဲ့ရတာ။ အဲဒါကြောင့် ခုနစ်တန်းပဲပညာသင်ခဲ့ရတယ်။ ဒါပေမဲ့ ခုခေတ် ဘွဲ့ရပညာတတ်တွေထက် သမီး ဘဘက ပိုတာပေါ့ .. အသိပညာကော အတတ်ပညာကော သိပ်ကို ထက်မြက်ပြည့်ဝတဲ့ သူ၊ ဘဝနာခဲ့တော့ ပိုပြီးစိတ်ကူးရင့်တယ် မေလေးကိုလည်း သမီးရင်းလိုချစ်တယ်။ သမီးကိုလည်း တကယ့်မြေးလေးနဲ့ မခြားထိန်းကျောင်းစောင့်ရှောက်ခဲ့တာ။

"အစ်မကဆုံး အစကတည်းကမိဘမရှိခဲ့တော့ သမီးရဲ့ မေမေဆုံးသွားတော့ မေလေးတောင်မှ ဆယ့်ခုနှစ်ပဲရှိသေးတယ်လေ။ အစကတည်းကသာ အဖေကြီးနဲ့ မရင်းနှီးခဲ့ရင် မေလေးဘဝက မတွေးရဲစရာပါ ..ကလေးတို့ သားအမိကို မိဘမဲ့ဘဝတွေမို့ အဖေကြီးက ပိုချစ်တာ ဘဘ စကားကိုနားထောင်ရမယ် ကျေးဇူးကန်းတာဟာ ဘဝမှာ ရှုံ့စရာအကောင်းဆုံးအပြစ်ကြီးဆုံးပဲ"

မေလေးသေချာပြောပြထားခဲ့သည် ။

ဒ့ါကြောင့် လည်း သသ ဘဘကို လေးစားကြောက်ရွံ့ခဲ့ပါသည် ။ ပြီးတော့ ဘဘကို သသချစ်သည် ။

အမိန့်ပေးတာ ဒဏ်ပေးတာတွေကလွဲလျှင် ...

*

# အခန်း(၃)

ဧည့်ခန်းထဲမှာ နှစ်ယောက်တည်းရှိနေကြပေမယ့် တော်တော်နဲ့ စကားမပြောဖြစ်ကြသေး ...

ထိုစဉ် လှေကားမှ ပြေးဆင်းလာသည့် ခြေသံကြောင့် ထိုင်လျက်မှ နှစ်ယောက်လုံးနားစွင့်နေမိကြ၏။

"ဘဘ ...မေလေး ...သသသွားပြီ"

သူ့သံလေးထွက်လာမှ ဒေါ်ခင်ဆင့်က လှည့်ကြည့်၍

"ကားသတိထားမောင်းနော်"

ဟု မှာ နေကျအတိုင်းမမေ့မလျော့မှာ ၏။

ကျောင်းသွားချိန်လေးမှာ ပဲ ခါးမှာ ချိတ်ချိတ်၊ ခါးပတ်ပတ်၍ မခိုင်တခိုင် ဝတ်ထွက်တတ်သည့် ထဘီက တင်သားလေးပေါ်မှာ ခပ်တွန့်တွန့်ရှုံ့တွတွ ...

အောက်ဖျားနားမှာ ခြေမျက်စိအထက်လက်တစ်ဝါးလောက်တိုတက်နေသေးသည် ။

ဘယ်လိုမှ ကို ဘယ်တုန်းကမှ ပုံပန်းမကျခဲ့ပါ ...

ဒါပေမဲ့ လမ်းလျှောက်မြန်တာ ခြေလှမ်းကျဲတာ ...

ဘယ်လိုလျှောက်လျှောက် မနွဲ့နှောင်းတတ်တာကအစ ထဘီဝတ်ပုံ

ပုံပန်းမကျတာနှင့် အံ့ဝင်ခွင်ကျမ ဖြစ်၏။

ကိုယ်လုံးလည်း လှသော သသ ပုံစံလေးက ဖရိုဖရဲဘယ်လိုပဲနေနေ ချစ်စရာလေးပဲဟု ဘယ်သူမှ မပြောဘဲမနေနိုင် …မရည်ရွယ်ဘဲနှင့် သသ မောင်းထွက်သွားသည့် ကားလေးပျောက်သွားသည် အထိသူတို့ ငေးကြည့်နေခဲ့ကြ၏။

“ပြောပါဦး အဖေကြီးရယ် …သူတို့ ပြောတော့ ကလေးဘွဲ့ရမှ ဆိုပြီး ”ဒေါ်ခင်ဆင့်က ဆက်မေး၏။

ဦးမြမော်က ခေါင်းကြီးငုံ့၍ တွေးနေပြီးမှ ဖြည်းလေးစွာထရပ်လိုက်သည် ။

“ဒါက သူတို့ ဆန္ဒပဲလေ ငါတို့ ကငြင်းခွင့်မှ မရှိတာ ခုလိုဖြစ်ကုန်တာ ညည်းနဲ့ ငါ့မှာ အပြစ်မကင်းဘူး ”

“ဟင် ဘာဖြစ်လို့ လဲ”

ဦးမြမော်က ဒေါ်ခင်ဆင့်နောက်မှာ နှစ်ခေါက်ခန့် ခေါက်တုံ့လျှောက်လိုက်ပြီးမှ စကားပြောလို့ ရလောက်သည့် ရှေ့ကျကျမှာ လာရပ်သည် ။

“သသ သွားလာနေထိုင်တာကို မမကြီးကတွေ့သွားတယ်အပြင်ကို တစ်နှစ်နေလို့ တစ်ခေါက်ထွက်ခဲ့တဲ့ သူက တစ်ခါထွက်တာနဲ့ တစ်ခါမြင်သွားတယ်။ ဒီလိုတွေဖြစ်လာတာပေါ့ ငါ့ကိုလည်း ဆူလိုက်တာတအားပဲ တကယ်ဆို ငါတို့ နှစ်ယောက်ရဲ့ အရိပ်ဟာ သသပဲ … ဒီကလေးကို တစ်ပင်တိုင်မြနန်းနဲ့ စောင့်ရှောက်စေဖို့ ငါတို့ လက်ထဲကို ဝကွက်အပ်ခဲ့တာ … ခေတ်ရဲ့ လူမှုရေး စီးပွားရေး။ ပညာရေးအစစကြောင့် ဒီလိုသွားလာနေထိုင်ခွင့်ပြုခဲ့ကြတာ မဟုတ်ရင် သူတို့ အစီအစဉ်က ဖိုဆိုယင်ဖိုမသမ်းအောင် နေမလောင် မြေမခ အသန့်စင်ဆုံးမိန်းမချော မိန်းမလှ

လေးဖြစ်လာအောင်”

ပြောနေရင် ဦးမြမော်ဟာ စကားရပ်သွားကာ သက်ပြင်းရှည်ကြီးကို ချ၏။

“နေ အတွက် ဖူးစာဖက် မဟေသီကို မိန်းကလေးများ ထဲမှာ အသန့်စင်ဆုံး နုငယ်သွက်လက်ထက်မြက်ပြီး စိတ်ဓာတ်စည်းကမ်းလည်း အားလုံးဆန်ခါတင်ဖြစ်ဖို့ ရည်ရွယ်ပြီး တစ်ဘဝကောင်းဖို့ သုံးဘဝစာကို သူတို့ ကြည့်ရှုထောက်ပံ့ထားခဲ့တာပေါ့… ငါတို့ တာဝန်က သသကိုပဲ ဂရုစိုက်စောင့်ရှောက်ရမှာ၊ ဒီကလေးရဲ့ ကိုယ်ကျင့်သိက္ခာ စရိုက်အဆင့်အတန်းအားလုံးကို အကောင်းဆုံးဖြစ်စေရမှာ အခု ဒီလိုဖြစ်မလာဘူး … မမကြီးစိတ်ဆိုးနေတယ်…”

“ဟင်”

ဒေါ်ခင်ဆင့် ခမျာမှာ လည်း ဘာပြောရမှန်းလည်း မသိ တကယ်အဖြစ်မှန်တွေဟာ သသကို သူပြောထား ခဲ့သလိုလုံးဝအမှန်တွေချည်းပဲမဟုတ်…

သသ၏ မိခင်အရင်းသည် ဘယ်လိုနာကြည်းစရာနောက်ကြောင်းရှိခဲ့သည် ကို ဘယ်သူမှ မပြော …

ဘယ်ကမှန်းမသိ ဘယ်လိုဆိုတာမပြောဘဲ ကိုယ်ဝန်အရင့်အမာနှင့် ဒေါ်မိမိတင် စီးသောကားရှေ့ကို တည့်တည့်ဝင်လာခဲ့၏ မိုးရွာနေသည်။

ညက ညဥ့်နက်မဟုတ်ဘဲ လမ်းပေါ်မှာ လူမရှိတော့ ကိုယ်ဝန်ဆောင် မိန်းမတစ်ယောက်မို့ ကားကိုကမန်းကတန်း ဘရိတ်အုပ်လိုက်နိုင်သော်လည်း သူမသည် ကားရှေ့မှာ ပဲ မိုးရေထဲမှာ ချော်လဲသွားခဲ့ပြီး၊ ထိုစဉ်က ဒေါ်မိမိတင်၏ ခင်ပွန်းသားဖွားမီးယပ်အထူးကုဆရာဝန်ကြီး ဦးသိန်းမြ

တ်မောင် သက်ရှိထင်ရှားရှိနေသေးသည် ။ ဒေါ်မိမိတင်သည် ဒရိုင်ဘာမ ပါဘဲ ကိုယ်တိုင်မောင်းလာခဲ့သည် မို့ ကိုယ်ဝန်ဆောင်မိခင်ကို လှုပ်နှိုး ကာ ကားပေါ်မပါပါအောင်ဆွဲတင်သည် ။ အိမ်ရောက်တော့ စကားမပြောနိုင်သေးပါလျက် ဘာမှ မေးလို့ မရ ဝေဒနာကိုညည်းတွား အံကြိတ်ခဲ့ရင်း သေဆုံးသွားခဲ့သည် ။

ဒါပေမဲ့ သမီးလေးကိုတော့ အသက်ရှင်လျက်ကျန်စေခဲ့လေသည် ။

မိခင်၏ သန့်ပြန့်လှပသော မျက်နှာနုနုလေးနှင့် ကိုယ်ပေါ်မှာ ပါလာသောရတနာတွေကြောင့် အဆင့်အတန်း ကို ခန့်မှန်းလိုက်မိသည် ။

ရုပ်ရှင်ဆန်ဆန်အဖြစ်တွေကို အနာဂတ်မှာ မလိုလားသောကြောင့် ကလေးမိခင်၏ စိန်ရွှေရတနာလက်ဝတ် လက်စားတို့ ကိုပါ အပြီးသတ် ဖျောက်ပစ်သည် ။

ထိုစဉ်မှာ ဒေါ်မိမိတင်၏ တစ်ဦးတည်းသောသားလေး 'နေ'က နှစ်တန်းကျောင်းသားလေး ...

"မောင်မြမော် အဲဒီကလေးမကို မင်းမွေးရမယ် သူဟာ ငါ့သားရဲ့ ဇနီးလောင်း ဒါပေမဲ့ ငါ့ချွေးမ မဟုတ်ဘူး .. ငါ့ရဲ့ သမီး .. ငါ့သားကို လေးစားချစ်ခင်သလို ဂရုစိုက်လုပ်ရမယ် ဒီကလေးဟာ ငါ့သားအတွက် အသန့်စင်ဆုံး ဇနီးလောင်းဖြစ်နေရမယ်၊ အဲဒီအတွက် ငါ့မောင်ဆုံးသွားပြီဆိုတော့ ငါ့မောင် မင်းထွတ်တင် လုပ်ကိုင်ဦးစီးခဲ့သမျှ စီးပွားရေးအားလုံးကို ကန့်သတ်ချက်တစ်ခုနဲ့ မင်းကိုပိုင်ဆိုင်ခွင့်ပြုထားမယ် အဲဒီကန့်သတ်ချက်က ဒီကလေးကိုမွေးနေစဉ်အတွင်းမှာ ဒီစီးပွားအားလုံးက အကျိုးအမြတ်အားလုံးမင်းပိုင်တယ်လို့ မှတ် မပျက်မစီးစေရဘူး…တိုးတက်အောင်ကြိုးစား ရသမျှကိုမင်းခံစားရမှာ ပဲ နောင်အခါ ဒီကလေးအရွယ်ရ ပညာစုံလို့ ငါ့သားနဲ့ လက်ထပ်ပေးတဲ့ အချိန်ကျရင် ပစ္စည်းတွေကို ပြ

န်သိမ်းသင့်တာသိမ်းမယ် တိုးတက်ထားသမျှ ဘယ်လောက် များများ မ င်းအားလုံးရမယ် မင်းရဲ့ ဖြူစင်မှုကြိုးစားမှုပေါ်မူတည်ပြီး ခံစားခွင့်သပ် သပ်ထပ်ပေး သင့်ရင်ပေးဦးမယ်”

ဒီဇာတ်လမ်းက ဦးမြမော်ကိုယ်တိုင် သရုပ်ဆောင်လည်း ဟုတ် ဒါရို တ်တာလည်း လုပ်ရတော့မည်။

ထိုအခါကျမှ ဒေါ်ခင်ဆင့်ပါလာရတာ ဖြစ်၏။

“မိန်းကလေးကို မွေးမြူဖို့ မိခင်က ပိုပြီးသင့်တော်ပါတယ်။ မမကြီး ကျွန်တော့်ကို လုပ်ငန်းပိုင်းတွေပါ ခဏကိုင်တွယ်သုံးစွဲခွင့်ပြုတယ်ဆိုရင် ကလေးအတွက် မိခင်တစ်ယောက်လို စိတ်ချရမယ့် မိန်းကလေးတစ် ယောက် ကို ကျွန်တော်ခေါ်ခွင့်ပြုပါ”

ထိုစဉ်က ဒေါ်ခင်ဆင့်၏ မိဘမဲ့အနိမ့်ခံဘဝကို သေချာပြောပြပြီး က ယ်တင်ရာလည်း ရောက် ကလေးထိန်းဖို့ လည်း အဆင်ပြေအောင်ခွင့် တောင်းခဲ့သည် ။

ဒေါ်မိမိတင်ကလည်း ခွင့်ပြု၏။

ဒေါ်ခင်ဆင့်ဟာ ငယ်ငယ်ရွယ်ရွယ်ကလေးပေမယ့် ဦးမြမော်ကိုလည်း ဟိုအရင်ခြံချင်းကပ်လျက်နေခဲ့စဉ် ကတည်းက ရင်း နှီးယုံကြည်ခဲ့သူဖြစ်သည် ။

အလွန်လှ၍ ချစ်စရာကောင်းသော သသကိုလည်း တကယ့်သမီး လေးလိုချစ်ခင်ယုယကာ ဒီနေ့ထိ အိမ်ထောင်ပြုဖို့ တောင်စိတ်မကူးခဲ့ တာလည်း သသ၏ ကုသိုလ်ကံပဲဖြစ်မည်။

“တစ်ခုတော့ရှိတယ် ကလေးနဲ့ ပတ်သက်တဲ့ ဇာတိဇာစ်မြစ်ကို မင်းကြောင့် လုံးဝအစမပေါ်စေရဘူး .. ဒါကိုမင်း တတ်နိုင်မှ နောက်တစ်

ယောက်ကို ခေါ်ဖို့ ဆုံးဖြတ် ... ငါကတော့ အသက်ပေးပြီး သစ္စာစောင့် သိတဲ့ လူယုံလို့ မင်းကို သဘောထားခဲ့တာ ငါ့မောင်လေးအထွန်းရဲ့ ကျေးဇူးကိုလည်း မင်းပြန်သိမယ်လို့ လည်း မျှော်လင့်တယ်”

ဒေါ်မိမိတင်က ချည်ပြီးတုပ်ပြီးပြောတာမျိုးမဟုတ်ပါ။ သူမက စိတ်ထဲရှိတာကိုပဲပြောခြင်းဖြစ်သည် ။

ဦးမြမော်ကိုလည်း ယုံကြည်လွန်း၍ မဟုတ် ...

သို့သော် ဘာလုပ်လုပ်ကြာကြာတွေဝေချင့်ချိန်နေတတ်သည် မရှိသောအကျင့်နှင့် ဆုံးဖြတ်ခဲ့ခြင်းသာဖြစ်သည် ။

ကိုယ်ဖြစ်ကိုယ်ခံ မှားရင်မှောက်အိပ်ဆိုတာမျိုး ...

“ပြီးတော့ ကလေးကိုမွေးတဲ့ ရည်ရွယ်ချက် ဘယ်လိုရည်ရွယ်တယ် ဆိုတာ လုံးဝမသိစေနဲ့ မိဘမဲ့ဆိုတာရယ် မင်းတို့ တွေဟာ မိဘ မဟုတ်ဘူး ဆိုတာရယ် အသိပေးထားပါ ... နောင်တစ်ချိန်ချိန် သားနဲ့ ဒီမိန်းကလေးတွေ့ဆုံခြင်း ဟာ ဘာအဓိကလဲဆိုတာ တောင်မသိစေနဲ့ ”

ဒေါ်မိမိတင်က စီစဉ်ခဲ့တာအားလုံးစနစ်တကျ ဦးမြမော်စကားလမ်းကြောင်းပေါ်လာ၍ အတိတ်ကို သတိရမိသွားသဖြင့် အတန်ကြာငြိမ်သက်သွားခဲ့ပြီး။

ဒေါ်ခင်ဆင့်က နေရာမှ ထ၍ ဦးမြမော်ဘက်ကို မျက်နှာချင်းဆိုင်ရပ်လိုက်သည် ။

“ပြောပါဦးအဖေကြီးရယ်၊ သမီးတို့ ကို ဘယ်လောက်ထိစိတ်ဆိုးနေသလဲ ဘာတွေပြောသေးလဲဆိုတာ”

“မမကြီးက ပြောရင်ဖြစ်အောင်လုပ်တယ် သူများကိုလည်း သူ့လိုပဲဖြစ်မှ ကြိုက်တာ လူတိုင်းကိုလည်း မယုံတတ်ဘူး ယုံထိုက်တဲ့ လူကိုလည်း

အကဲခတ်နိုင်မယ် အခုကိစ္စမှာ ငါတို့ ကို သက်သက်ပုံချပြီးပြောတာ တော့ မဟုတ်ဘူး ကလေးရဲ့ ပင်ကိုစရိုက် ဗီဇပါနေတာကိုသိတယ် ဒါပေမဲ့ ထိန်းကျောင်းမှုလိုတယ်ဆိုတာလည်း ပြောတယ်။ သူစိတ်ဆိုးတာက လည်း သူထင်သလို ကွတ်တိဖြစ်မလာနိုင်တာကိုတွတ်မိ လို့ ပါ ဘာဖြစ် လို့ လဲဆိုတော့ ...”

ဦးမြမော် စကားမဆက်ဘဲရပ်သွားသဖြင့် ဒေါ်ခင်ဆင့်စိတ်ဝင်တစား မျှော်လင့်နေခဲ့သည် ။

အတော်ကြီးကြာမှ

“နေ ကလည်း လက်မခံဘူး ...”

ဟု ခပ်တိုးတိုးပြောလေသည် ။

*